**Mother's Day Special**

Volume 3 / Issue 5 / May / 2010

Enjoy free reading from B.C.F

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## *A Mother*

*By: Soe Mon*




*A mother is special,*
*You only get one.*
*She may tuck you up in bed,*
*And she loves you. You love her too:*
*But she doesn 't always have to be a mother.*
*She can be a step mother, an aunt, or even just a friend.*
*She comes in your times of need, but will also push you.*
*So be glad you have a mother for:*
*A mother is special, and you only have one.*
*So take care, respect and*
*LOVE her.*

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# မိခင်တိုင်း အလိုရှိသည် အတိုင်း ဖြစ်ပါစေ

မိခင်ဘဝမှာ သားသမီးများနှင့် ကြည်နူးပျော်ရွှင်ဖွယ် အမှတ်ရစေသည့် အကြောင်းအရာများ ရှိကြသည်။ မိခင်တွေကို မေးကြည့်လျှင် သူတို့အားလုံးမှာ သားသမီးများနှင့်ပတ်သက်၍၊ ကြည်နူးစရာ ပုံပြင်ကလေးတွေ ရှိကြမှာ အမှန်ပါဘဲ။ ကလေးများဟာ မိခင်၏အသဲနှလုံး၊ အိမ်ထောင်၏ ဆွဲလဲဖြစ်တာကြောင့် ချစ်လို့မဆုံး ပျော်လို့မဆုံးနိုင်ပါ။ ကလေးသဘာဝ ကြီးပြင်းလာရာ လမ်းတလျှောက်မှာ ...

တခါတရံဝယ်၊ သူတို့လေးတွေ ဒုက္ခတွေ့သောအခါ၊ မိခင်များ စိတ်မပျော် နိုင်တော့ပါ။ သူတို့ကိုယ်စား မိခင်သာ အစားထိုးယူလို့ ရမယ်ဆိုလျှင်၊ လွှဲယူခြင်သည်အထိ ဂရုဏာကြီးသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၅း၂၁ ထဲမှ၊ မိခင်တစ်ဦးကို စံထားကြည့်ကြပါစို့။...သခင်ယေရှုသည် တုရုမြို့ နှင့် ဇိဒုန်မြို့၏ ကျေးလက်သို့ ကြွတော်မူလျှင်၊ ထိုနယ်စပ်မှ တပါးအမျိုးသား ခါနာန်အမျိုးမိန်းမတစ်ယောက်သည် ထွက်လာ၍၊– "ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကိုပြင်းစွာ ခံရပါ၏"ဟုဟစ်ကြော်လေ၏။

ကိုယ်တော်ကလည်း၊– "ဣသရေလ အမျိုးအဝင် ပျောက်လွှင့်သော သိုးများမှတပါး အခြားသောအမျိုးရှိရာသို့ ငါ့ကို မစေမလွှတ်"ဟု မိန့်တော်မူ၏။

ထိုမိန်းမသည် ချဉ်းကပ်၍ ပြပ်ဝပ်လျက်... "ကျွန်မကို ကယ်မတော်မူပါသခင်"ဟုလျှောက်လျှင်၊–

ကိုယ်တော်က၊– "သား၏ အစာကို ယူ၍ ခွေးအား မပေးမချအပ်"ဟု ပြန်ပြောတော်မူ၏။

မိန်းမကလည်း၊– "မှန်ပါ၏ သခင်၊ ခွေးမည်သည်ကား မိမိသခင်၏ စားပွဲမှကျသော စားနုပ်စားပေါက် ကို စားမြဲထုံးစံ ရှိပါ၏"ဟု လျှောက်ပြန်လျှင်၊–

ကိုယ်တော်က၊– "အိုး...မိန်းမ၊ သင်သည် ယုံကြည်အား ကြီးမားလှပြီ။ သင်၏အလိုရှိသည်အတိုင်း သင်၌ဖြစ်စေ"ဟု မိန့်တော်မူ၏။ ထိုအချိန်မှစ၍၊ ထိုမိန်းမ၏ သမီးသည် ကျန်းမာပကတိ ဖြစ်လေ၏။

ယခုအချိန်မှာ၊အချို့သောမိခင်အများစုသည် ခါနန်အမျိုးသမီးကဲ့သို့ပင်၊ မိမိတို့၏သားသမီးများအား၊ စာတန်မာရ်နတ်၏ နှိပ်စက်နှောင့်ယှက်ခြင်း( မူးယစ်ဆေး၊ ရန်ဖြစ်ခြင်း၊ စည်းကမ်းဖေါက်ခြင်း၊လောကီတတ်မက်ခြင်းများ...)ခံနေရသဖြင့်၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းနှင့်ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ဒီလိုအခါမျိုးမှာ၊ မိခင်များသည် ခါနန်အမျိုးသမီးကို စံနမူနာထားလျက်၊ သခင်ယေရှုအထံတော်ပါးမှာ ချဉ်းကပ်၍ ပြပ်ဝပ်လျက်၊ "ကျွန်မကို သနားတော်မူပါ။ ကျွန်မကိုကယ်မတော်မူပါသခင်"ဟုတောင်းလျှောက်ရန် အထူးလိုအပ်သည်။

အချို့မှာ၊ လူ့အမြင်ရှုဒေါင့်မှ "ငါတောင်းလျှောက်လည်း မရပါဘူး"ဆိုပြီး၊ နောက်ဆုတ်သွား၏။

ခါနန်အမျိုးသမီးမှာမူကား ထိုသို့မဟုတ်ပါ။သခင့်ထံပါးမှာ မရမချင်း လျှောက်လဲတောင်းခံသည်။ သခင်ပေးနိုင်စွမ်းအား ရှိသည်ကိုသိ၍ သခင်အပေါ် ယုံကြည်၍ ဇွဲမလျော့ပေ။ နောက်ဆုံးတွင် ခါနန်အမျိုးသမီးမှာ သူမအလိုရှိသည် အတိုင်း ဖြစ်ခဲ့သည်။

သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည့်အရာမှာ စာတန်မာရ်နတ်အပါဝင် ရန်သူအပေါင်းတို့ကို အောင်နိုင်ခဲ့ပြီ။

သို့ဖြစ်၍ ... သခင့်ထံပါးမှာတောင်းပါ။ သခင်သည် နားညောင်းလျက် ထူးမည်။ အဖြေပေးမည်။

ထိုအခါ ... မိခင်များသည် မိမိတို့ အလိုရှိသည် အတိုင်း ဖြစ်လိမ့်မည်။ ။

အမှုတော်မြတ်၌၊–ရီရီအေး

# မေမေရဲ့သွန်သင်ဆုံးမမှု

မေမေရဲ့သွန်သင်ဆုံးမ စကားတွေကို ဘယ်လိုနည်းနဲ့မှ မမေ့နိုင်ပါ မေမေ ...။

ဘာကြောင့်လဲဆိုတော့ ... မေမေကို ချစ်တဲ့သမီးရဲ့ နှလုံးပေါ်မှာ အမြဲချည်ပြီး၊ လည်ပင်းမှာဆွဲထားလို့လေ။

မေမေက သမီးကို နာမည်ပေး ကျေးဇူးတော်ချီးမွမ်း မင်္ဂလာပွဲ ခံယူစဉ်ကတည်းက ဘုရားရှင်ထံ အပ်ထားခဲ့တယ်လို့ ... မေမေပြောခဲ့တယ်။

ပြီးတော့၊ မေမေတို့ထက်ကြီးမြတ်တော်မူတဲ့ဘုရားသခင်ဟာအထက်အရပ်ကောင်းကင်ဘုံကအမြဲကြည့်ရှုနေတယ်ဆိုတော့၊ သမီးကလည်းဘုရားသခင်မကြိုက်၊ မေမေလည်းမကြိုက်ဘူးဆိုရင်၊ တဇွတ်ထိုးမလုပ်ဘဲ၊ တတ်နိုင်သမျှ ဝေးဝေးက ရှောင်ခဲ့ပါတယ်။

သမီးမှတ်မိပါသေးတယ်။ သမီးက မြို့ကောင်ပေါက်အရွယ် ပတ်ဝန်းကျင်ကလူတွေက သမီးကိုချောတယ်၊ လှတယ်လို့ပြောကြတော့။ လမင်းထိန်ထိန်သာတဲ့ညဥ့်တစ်ညမှာ... မေမေကသမီးကိုမိန်းကလေးတိုင်းဟာ အလှအပကိုခုံမင်ကြတယ်။ ဒီလိုခုံမင်မှုဟာ ကိုယ့်ကိုလွှမ်းမိုးမှု မဖြစ်စေရဘူး။ ကိုယ်ကလွှမ်းမိုးထိန်းချုပ်နိုင်ရမယ်။ မေမေလည်း အလှကြိုက်လို့ အမြဲ ပြင်ပြင်ဆင်ဆင်နဲ့ သပ်သပ်ရပ်ရပ် နေတတ်တဲ့ အကျင့်စရိုက်ရှိတယ်။ အပြင်တန်ဆာဆင်ခြင်းမဟုတ်ဘဲ ဘုရားသခင်ကိုကြောက်ရွံ့ပြီး၊ နှလုံးသားကို နှုတ်ကပါတ်တော်နဲ့ အလှဆင်သူဟာအလှဆုံးဘဲ။

နှုတ်ကပါတ်တော်ကိုရထားတော့ပြုံးချိုမျက်နှာလေးကသွားလေရာမှာတင့်တယ်တယ်။ကျက်သရေရှိတယ်။ ဘုရားသခင်ကအတွင်းသဏ္ဍာန်စိတ်နှလုံးကိုဘဲကြည့်တယ်။အပြင်ပန်းမှာပြိုင်စံရှားနိုင်းယှဉ်လို့မရအောင် လှနေပေမယ့်၊ အတွင်းစိတ်ထားက ကောက်ကျစ် မနာလိုဝန်တို မော်ကြွားမောက်မာ နေရင် မျက်နှာထားတင်းတော့လူမုန်းများတယ်။ လူအများရှေ့မှာ ဘယ်လိုပင် ဟန်ဆောင်နေပါစေ၊ ပင်ကိုယ်စိတ်ထားက တစ်နေ့ပေါ်လာမှာဘဲ။ ပြီတော့‘ဝ’မရှိဘဲ‘ဝိ’မလုပ်နဲ့ဆိုတာမျိုးပေါ့။မုသာကင်းမှလည်းတစ်ပါးသူယုံကြည်မယ်။

မိန်းကလေးတိုင်းဟာ မိန်းမသဘာဝကြောင့် အားနွဲ့တယ်၊ ယုံလွယ်တယ်။ ဒီထက်ဆိုးတာကတော့ နှုတ်မစောင့်စည်းနိုင်ခြင်းဘဲ။ စဉ်းစားဆင်ခြင်မှုမရှိ၊ ပက်ကနဲပြန်ပြောတတ်တဲ့သမီးမဖြစ်စေခြင်ဘူး။ အပြောအဆိုအနေအထိုင် ယဉ်ကျေးသိမ်မွေ့ပါ။ အနေအထိုင် မတတ်ရင် ဘုရားရှင်ထံမှ ဘုန်းတော် ရောင်ခြည် မှေးမှိန်သွားနိုင်တယ်။ ကိုယ့်ရဲ့အပြောအဆို တစ်ခွန်းကြောင့်သူတစ်ပါးရဲ့ စိတ်ဝိညာဉ်ကို မြှင့်တင်ပေးနိုင်သလို၊ လုံးဝစိတ်ပျက်အားငယ်စရာလည်း ဖြစ်သွားနိုင်တယ်။ ဒ့ါကြောင့် အရာရာမှာ သင့်တင့်စွာပြုမူနေထိုင်ရမယ်။ ဆုတောင်းခြင်းဖြင့် ခွန်အားယူပါ။ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေပါ။ သီလသမ္မာဓိ မြဲနိုင်ဖို့ရန် နှုတ်ကပါတ်တော်ကို လက်ကိုင်ထားပါ။

ဒါမှ ပတ္တမြားထက် အဘိုးထိုက်တန်ပြီး၊ ဘုရားရှေ့၊ လူအများရှေ့မှာ မျက်နှာရမယ်။

ဘုရားသခင်ရဲ့ ကျေးဇူးဂရုဏာ အတောင်တော်ရိပ်အောက်မှာ အမြဲနေရင် လုံခြုံစိတ်ချရပြီ။ မေမေ ဘာမှ ပူစရာ မလိုတော့ဘူး။ အခုတော့... မေမေက သမီးကို တကယ်လည်း စိတ်ချသွားပါပြီ။

မေမ့ေကိုလွမ်းဆွတ်သိရလျှက်၊– သမီးငယ်

# အချိန်မနှောင်းခင်...

ခင်လေးမွန်

ကျမအဖေဆုံးတော့ အမိုးမရှိတဲ့အိမ်မှာ နေနေရသလိုမျိုးခံစားရပါတယ်။ ဒါပေမဲ့ အမေ ရှိနေသေးတဲ့အတွက် အကာအကွယ် တစ်ခုရနေသေးလို့ သိပ်ဝမ်းနည်းမှုမျိုး မခံစားရပါဘူး။

နောက်တခါ အမေဆုံးတော့ အကာမရှိတဲ့ အိမ်မှာနေရသလို မျိုးခံစားရပြန်တယ်။အဲဒီတော့မှ အမိုးမဲ့ အကာမဲ့တဲ့ ဘဝမို့ တော်တော်လေး ဝမ်းနည်းကြေကွဲစွာ ခံစားရပါတယ်။

ရန်ကုန်မြို့မှာ နေစဉ်အခါက၊ ဘုရားရှိခိုးကျောင်း၌ မိဘများနေ့၌ဆိုရင် မိဘနှစ်ပါးလုံး ရှိသူကို ပန်းအနီနှစ်ပွင့် ရင်ဘတ်မှာ ထိုးပေးပြီး၊ မိဘတစ်ဦးတည်းရှိသူကို ပန်းအနီတပွင့်နဲ့အဖြူတစ်ပွင့် ထိုးပေးပါတယ်။ ဒါပေမဲ့ မိဘနှစ်ပါးလုံးမရှိတဲ့ သူကျတော့ ပန်းအဖြူချည်းဘဲ နှစ်ပွင့် ထိုးရပါတယ်။ အဖြူရောင်ပန်းနှစ်ပွင့်ကို ရင်ဘတ်မှာ ထိုးရတော့မှ ပန်းအနီရောင်နှစ်ပွင့် ထိုးခွင့်ရခဲ့တဲ့ အချိန်ကာလကို ပြန်လည်တမ်းတကာ လိုခြင်မိပါတယ်။ ဒါပေမဲ့ မရတော့ပါဘူး။ နှောင်းခဲ့ပါပြီ။

မြန်မာ့သမိုင်း(ရာဇဝင်)ထဲက၊ အဇာတသတ်မင်းကြီးဟာ သူဘုရင်ဖြစ်ခြင်လွန်းလို့ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို နန်းချပြီး ထောင်ထဲမှာလည်း မြန်မြန်သေအောင် အစာရေစာ အငတ်ထားကာ နေ့စဉ် သူ့ခမည်းတော်ရဲ့ အခြေအနေကို သတင်းပို့စေတယ်။ တနေ့မှာ သူ၏မိဖုရားက သားလေးမွေးကြောင်း သတင်းလည်းရရော ဖခင်စိတ်ဝင်လာတာမို့ ဖခင်ကို ထောင်ထဲက လွှတ်စေဖို့ အမိန့်ချလိုက်ပါတယ်။ ဒါပေမဲ့ အချိန်နှောင်းသွားပါပြီ။သူ၏ဖခင်ခမည်းတော်ကြီးဟာ အစာရေစာ ငတ်မွတ်ခြင်းကြောင့် နတ်ရွာစံ သွားပါပြီး။

မိဘ အစုံအလင် ရှိနေသေးတဲ့ ညီအစ်ကိုမောင်နှမအားလုံးကို ပြောခြင်ပါတယ်၊...

“ကိုယ်မိဘဖြစ်လာမှ မိဘရဲ့ကျေးဇူးကို သိတတ်တဲ့ သူတွေမဖြစ်ဘို့... မိဘကွယ်လွန်ပြီးမှ ငါမပြုစုလိုက်ရလေခြင်းလို့ နောင်တမရစေဘို့... အချိန်မနှောင်းခင်မှာ ကိုယ့်မိခင်နဲ့ဖခင်ကို သူတို့စားနိုင် သောက်နိုင် သွားနိုင် လာနိုင်တုံး အချိန်မှာ သူတို့ကို စိတ်ချမ်းသာအောင် ထားပီးပြုစုပေးကြပါ။”

တရုတ်ပုံပြင်လေးတစ်ခုမှာ အဖွားဖြစ်သူကို အမေဖြစ်သူက ကောင်းစွာပြုစုကျွေးမွေးခြင်း မရှိလို့ အဖွားဆုံးတော့ အမေက အဖွားနေ့စဉ်ထိုင်တဲ့ထိုင်ခုံကို လွှတ်ပစ်မယ်လုပ်တော့၊ မြေးမလေးက မလွှတ်ပစ်ပါနဲ့၊ အမေလည်း အဖွားလို အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ၊ အဲဒီခုံမှာ ထိုင်ခိုင်းဖို့ သိမ်းထားခြင် ပါတယ်လို့ ပြောလိုက်ပါတယ်။

ဒါကြောင့်၊ ကိုယ့်မိဘကို ဘယ်လိုပြုစု နေသလဲဆိုတာကို ကိုယ့်ရဲ့သားသမီးတွေက စံနူနာယူဘို့ကြည့်နေမှာမို့၊ ကိုယ့်ကိုသားသမီးတွေက ကောင်းကောင်းပြုစုစေခြင်ရင်၊ ကိုယ့်မိဘကိုလည်း ကောင်းစွာပြုစုကြပါ။ ဒီလိုပြုခြင်းဟာ ဘုရားသခင်ရဲ့အလိုတော်နဲ့အညီ ဂတိတော်နှင့်ဆိုင်တဲ့ ပညတ်ချက်လည်းဖြစ်ပါတယ်။

အမေရိကားရောက်လို့ Americanized ဖြစ်ပြီး။တစ်နှစ်လုံးနေမှ Mothers/Fathers day, Thanksgiving day အပြင်၊ မိဘတွေရဲ့ မွေးနေ့လောက်မှာဘဲ “I love you” ဆိုပြီး လက်ဆောင်ပစ္စည်းနဲ့ စားစရာ ပေးရုံလောက်သာတာဝန်ကျေပြီဆိုတဲ့ သားသမီးစာရင်းထဲမှာ ပါနေသလားဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်ပြီး၊ အချိန်မနှောင်းခင် ပြုပြင်ပြောင်းလဲကာ၊ မိဘများကို ရိုသေစွာ ပြုစုခြင်းဖြင့် ကျေးဇူးဆပ် ကြပါ စို့လား**!!!**။

မိဘကို ရိုသေစွာပြုလော့။ ဤပညတ်တော်ကား၊ သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည်အကြောင်း ဟူ၍ ဂတိတော်နှင့်ဆိုင်သော ပဌမပညတ်ဖြစ်၏။